# သူတို့အမြင်

## ရဲဘော်တင်ရွှေ
## (အမျိုးသားညီလာခံကြိုဆို ထောက်ခံရေးအင်အားစု)

နိုင်ငံရေးဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့အရေးအခင်းပါ၊ နိုင်ငံကိုဘယ်လိုစနစ်နဲ့ ထူထောင်သွားမလဲ၊ ရှေ့ကိုဆက်လက်ပြီး ဘယ်လိုချီတက်သွားမလဲ၊ ဘယ်လိုအနေအထားနဲ့ နိုင်ငံရေးဆိုတဲ့ ဝေါဟာရကို တိုင်းသူပြည်သားတွေကို အာမခံချက်ပေးမလဲဆိုတာဖြစ်ပါတယ်၊ ဝေါဟာရကို လက်ရှိအခြေအနေမှာ မူတည်ပြီးပြောရရင်တော့ အမျိုးသားညီလာခံကြီးသည် အဓိကကျတဲ့ အလိုအပ်ဆုံးအရာပဲဖြစ်ပါတယ်။ အဲဒီအမျိုးသားညီလာခံကြီးအောင်မြင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တစ်ရပ် ကေန်ပေါ်ပေါက်လာမယ်လို့မျှော်လင့်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကို အထိအခိုက်မခံဘဲ ကြိုဆိုထောက်ခံတဲ့အင်အားစုတစ်ခုကို လုပ်ပြီး ရှင်းလင်းပွဲလုပ်ဖြစ်ခဲ့တာပါ။ အမျိုးသားညီလာခံပျက်စီးသွားမယ်၊ ပိုပြီးကြန့်ကြာသွားမယ်၊ အချိန်တွေထပ်ယူရမယ်ဆိုရင် အားလုံးမျှော်လင့်စောင့်စားနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အလှမ်းဝေးသထက်ဝေးသွားမှာစိုးပါတယ်။ အခုလမ်းကြောင်းကို ရွေးချယ်ဖြစ်တာကတော့ ဒီအတိုင်း အမျိုးသားညီလာခံကနေပြီးသွားတဲ့ လမ်းကြောင်းဟာ သိမ်မွေ့အေးချမ်းလိမ့်မယ်လို့ထင်ပါတယ်။ အခုဆိုရင် ဘဘအသက် ၇၄နှစ် ရှိပါပြီ၊ နိုင်ငံရေးလောကထဲဝင်တာ အနှစ် (၅၀)ကျော်ပြီ၊ ဒီမှာတော့လူငါးယောက်တည်းစုပြီး ထောက်ခံရေးအင်အားစုကလေးလုပ်ဖြစ်ခဲ့တာပါ။ ရှေ့ဆက်ပြီး အမျိုးသားညီလာခံအောင်မြင်တဲ့အချိန်အထိ ဒီအတိုင်းရပ်တည်သွားမယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲပြီးခဲ့ရင်လဲ ပါတီတစ်ခုလိုအပ်ရင် ဖွဲ့စည်းထူထောင်ပြီး မျိုးဆက်သစ်ခေါင်းဆောင်တွေ မွေးထုတ်သွားမယ်လို့ မျှော်မှန်းထားပါတယ်။

## ဖိုးသောကြာ (ခေတ် + မိုး)
## (သတင်းစာဆရာ)

အဘတို့ဖတ်ဖူး၊ တွေ့ဖူး၊ ကြုံဖူးတဲ့ နိုင်ငံရေးခံယူချက်ကတော့ မိမိတိုင်းပြည်၊ အခြားပထဝီဒေသနဲ့ ဆက်စပ်နေတဲ့ တိုင်းပြည်နိုင်ငံတွေအားလုံးနဲ့ ယှက်နွယ်ပြီး အကျုံးဝင်ပါတယ်။ တိုင်းသူပြည်သားတွေရဲ့ စားဝတ်နေရေးနဲ့ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို အဓိကစွမ်းဆောင်ဖို့လိုအပ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဟာလည်း တိုင်းပြည်တစ်ခုမှာ အရေးကြီးဆုံးအပိုင်းကြီးပဲဖြစ်တယ်။ အများအကျိုးကိုသာဦးစားပေးပြီး မိမိတို့ရဲ့ ကိုယ်ကျိုးကိုမဖက်ဘဲ လွတ်လပ်ပြီး၊ သန့်ရှင်းမျှတစွာဆောင်ရွက်တဲ့သူကို နိုင်ငံရေးသမားလို့ခေါ်ပါတယ်။